# ပိုကြောက်ဖို့ကောင်းတယ်

ကျွန်တော်တို့ ကိုရီးယားသို့ Study Visit သွားခဲ့တုန်းကဖြစ်သည်။ သင်တန်းတွင် ကျွန်တော်တို့ရုံးမှယောကျ်ားလေး၊မိန်းကလေးတော်တော်များများပါသည်။ မောင်နှမတွေလိုခင်မင်ကြသဖြင့် တစ်ဦးနှင့်တစ်ဦး နောက်နောက်ပြောင်ပြောင် ဖြင့်ပျော်စရာအလွန်ကောင်းသည်။ နံနက်စာကို အဆောင်တွင်စားပြီးသင်တန်းသွားရသည်။ စာသင်ပြီးညပိုင်းအဆောင်တွင်ပြန် နားရသည်။

ည ပိုင်းတွင်း အေးအေးဆေးဆေး ရှိသဖြင့်မိမိအခန်းတွင်မိမိ ကြိုက်နှစ်သက်သော TV Channels များကြည့်ပြီး အိပ်စက် ကြသည်။ နံနက်စာစားချိန်တွင် စားသောက် ခန်း ထဲ၌ အတူတကွနံနက်စာစားကြသည်။

တစ်နေ့သော နံနက်စာ စားချိန် စားသောက်ခန်းအတွင်း၌ ဖြစ်သည်။ ညပိုင်း၌ ကြည့်ရှု့ခဲ့သော TV Channels များအကြောင်း ပြောကြသည်။

အစ်မကြီး (၁)။ “ မနေ့ညကလေ Heavy Weight Raw ကြည့်တာ ယောကျ်ားကြီး
နှစ်ယောက် သတ်ကြတာ တော်တော် ကြောက်ဖို့ကောင်းတယ် ”
အစ်မကြီး (၂)။ “ ဘယ်ဟုတ်ရမှာလည်းအစ်မရဲ့ ကျွန်မကြည့်တဲ့ Channel က
မိန်းမ နှစ်ယောက်သတ်ကြတာ ပိုပြီးကြောက်ဖို့ကောင်း တယ် ”

အစ်မကြီး (၁) နှင့် (၂) ပြောအပြီး ကိုဖိုးတူးပြောလိုက်သောစကားကြောင့် အားလုံးမှာ ပွဲကျသွားလေသည်။ ကိုဖိုးတူးပြောလိုက်သောစကားမှာ --

“ ဘယ်ဟုတ်ရမှာလည်း အစ်မတို့ရဲ့ ကျွန်တော်ကြည့်တဲ့ Channel က ပိုပြီးကြောက်ဖို့ကောင်းတယ်။ ယောကျ်ားနှစ်ယောက်လည်းမဟုတ်ဘူး မိန်းမနှစ်ယောက်လည်းမဟုတ်ဘူး ။ ယောကျ်ား နဲ့ မိန်းမ ဗျ ”

**ကိုရီးယားခရီးစဉ် အမှတ်တရ ဖြစ်ပါသည် --**

*Written By Rooney Thawxin.*